# The Education Quality Framework (EQF)

## ထိုင်း-မြန်မာနယ်စပ်ရှိ ရွှေ့ပြောင်းပညာရေးကျောင်းများ၏ ပညာရေးအရည်အသွေးကို မှတ်တမ်းတင်ခြင်း

## အကျဉ်းချုပ်


(EQF) ပညာအရည်အသွေး မူဘောင်ကို ရေးဆွဲခဲ့ခြင်းမှာ (MLCs) ရွှေ့ပြောင်းပညာရေးကျောင်းများတွင် တည်ငြိမ်၍ ညီမျှသော ပညာရေးအရည်အသွေး အဆင့်အတန်းကို ရရှိစေရန်ဖြစ်သည်။ ထိုသို့ရေးဆွဲရာတွင် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလတွင် စတင်၍ လုပ်ငန်းစဉ်တလျှောက်လုံး ရွှေ့ပြောင်းပညာရေးတွင် အဓိကပါဝင်သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများကို အပြည့်အဝ လုပ်ဆောင်ခဲ့ပါသည်။ ထိုပညာရေးအရည်အသွေးမူဘောင်ကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း စမ်းသပ်အသုံးပြုပြီးသည့်နောက်ပိုင်း ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းအုပ်ဆရာ/မ များ၏ အကူအညီဖြင့် ရွှေ့ပြောင်းပညာရေး ကျောင်းပေါင်း (၃၈) ကျောင်းတွင် အကောင်အထည်ဖော် စတင်အသုံးပြုခဲ့ပါသည်။ ပညာရေးအရည်အသွေးမူဘောင်ကို မြန်မာဘာသာ၊ ထိုင်းဘာသာနှင့် အင်္ဂလိပ်ဘာသာများဖြင့် ရရှိနိုင်ပြီး ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ပညာရေးဝန်ကြီးဌာနမှ အတည်ပြုခြင်းခံထားရပါသည်။ ရွှေ့ပြောင်းပညာရေးကျောင်းများ ကြုံတွေ့ရသော ပြဿနာများ၏ အရင်းအမြစ်များနှင့် ကျောင်းများ၌ ကျင့်သုံးသော စနစ်များ၏ အဆင့်ဆင့် တည်ဆောက်ပုံများကို အထူးသဖြင့် ဦးတည်ရည်ရွယ်၍ ပညာအရည်အသွေးမူဘောင် (EQF)ကို ဖန်တီးထားပါသည်။

### EQF အနေဖြင့်အောက်ပါ အကြောင်းအရာများကို မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ပါသည်




### ကြုံတွေ့ရသော ပြဿနာများ


- ပညာရေးအရည်အသွေး တိုးတက်မှုကို ချဉ်းကပ်သော နည်းစနစ်များ ချို့တဲ့ခြင်း
- ရွှေ့ပြောင်းပညာရေးကျောင်းများ အကြား သတ်မှတ်ထားရှိသော အရည်အသွေးအဆင့်များ မညီမျှခြင်း
- ရွှေ့ပြောင်းပညာရေးကျောင်း အများအပြား၌ ရေရှည်တည်တံ့မှု အစီအစဉ်များ မထားရှိခြင်း
- အသုံးပြုရရှိနိုင်သော ပညာရေးလမ်းကြောင်းများနှင့် အခွင့်အလမ်းများအား မသိရှိထားခြင်း
- ကျောင်းထွက်နှုန်းမြင့်မားခြင်း၊ ဆင်းရဲနွမ်းပါးခြင်းနှင့် ဘဝလုံခြုံမှုမရှိခြင်းများက ကလေးများအတွက် အကာအကွယ်မဲ့သော အခြေအနေများသို့ ရောက်ရှိစေခြင်း
- ပညာရေး အရည်အသွေးနှင့် ပတ်သက်သော စစ်တမ်းများကောက်ယူထားခြင်း မရှိခြင်းကြောင့် ကျောင်းနှင့် ပညာရေးစနစ်မှ ကြုံတွေ့ရသော စိန်ခေါ်မှုအခက်အခဲများအား ဖော်ထုတ်အဖြေရှာရန် ခက်ခဲစေခြင်း





EQF ကို မြန်မာဘာသာ၊ ထိုင်းဘာသာနှင့် အင်္ဂလိပ်ဘာသာများဖြင့် ရရှိနိုင်ပြီး ထိုင်းနိုင်ငံ တာ့ခ်ခရိုင် ပညာရေးဝန်ကြီးဌာနမှ အတည်ပြုခြင်းခံထားရပါသည်

### Centers Listed in the 2017-2018 Academic Year

**61 MLCs, 9 Branch Schools**



**Enrolling 13,921 Children and 733 Teachers**



# တွေ့ရှိချက်များ

## ဆရာ/မ များ အရည်အသွေးနှင့် ပံ့ပိုးမှု

**အောင်မြင်မှု**

ပညာရေး အရည်အသွေးနှင့် ပတ်သက်သော အချက်အလက်များမရှိခြင်းက ကျောင်းနှင့် ပညာရေးစနစ်မှ ကြုံတွေ့ရသော စိန်ခေါ်မှု အခက်အခဲများအား ဖော်ထုတ်အဖြေရှာရန် ခက်ခဲစေခြင်း။

**ဆက်လက်ရှိနေသော အခက်အခဲများ**

ကျောင်းဆရာများမှာ အသိအမှတ်ပြုမှု မခံရသောကြောင့် မရေရာသော အနာဂတ်ဖြင့် ကြုံတွေ့နေရသည်။ ရွှေ့ပြောင်းကျောင်းဆရာများ အလုပ်ထွက်နှုန်း အလွန်မြင့်နေပါသည်။

## ကျောင်းသားများ အသိအမှတ်ပြုခံရမှု

**အောင်မြင်မှု**

အသိအမှတ်ပြုခံထားရသော ပညာရေး လမ်းကြောင်းများ တစ်ခုထက်မက ရှိပါသည်။ ၎င်းတို့မှာ ထိုင်းနိုင်ငံကျောင်းပြင်ပ ပညာရေး (NFE)၊ မြန်မာပြည် ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် မြန်မာပြည် စံချိန်စံညွှန်းမီ ၄တန်း၊ ၈တန်းနှင့် ၁၀တန်း စာမေးပွဲများ စသဖြင့်ပါဝင်သည်။ အစိုးရ ပညာရေးဌာနများနှင့်ပူပေါင်းဆောင်ရွက်မှု များလည်း တိုးပွားလာသည်။ အချို့ကျောင်း ဆရာ/မများက မြန်မာပြည်တွင်ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ၁တန်းအတွက် သင်တန်းများတက်ရောက်ခဲ့သည်။

**ဆက်လက်ရှိနေသော အခက်အခဲများ**

မိသားစုများ မရေရာသော အနာဂတ်နှင့် ကြုံတွေ့လာသည်နှင့်အမျှ ကလေးများလည်း အသိအမှတ်ပြုခံရသော သင်ရိုးညွှန်းတမ်း တစ်ခုထက်မက လေ့လာသင်ယူကြရသည်။ သို့မှသာလျှင် ၎င်းတို့၏မိသားစုများ ဘယ်အခြေအနေရောက်ရောက် ကျောင်းဆက်တက်နေနိုင်ရန် ဖြစ်နိုင်မည်။ MLCs မှ ကွဲပြားသော ရွေးချယ်စရာ ပညာရေးလမ်းကြောင်းများကို ကမ်းလှမ်းလာ သည်ဖြစ်၍ မိဘများအဖို့ ပညာရေးအတွက် ရွေးချယ်စရာလမ်းကြောင်းများ ရှိကြောင်း အသိအမြင်တိုးလာရန် လိုအပ်ပါသေးသည်။

## ကလေးကာကွယ် စောင့်ရှောက်ရေး

**အောင်မြင်မှု**

MLCs ရွှေ့ပြောင်းပညာရေးကျောင်းများတွင် အခြေခံကျသော ကလေးကာကွယ် စောင့်ရှောက်ရေး စနစ်ထားရှိပြီး ဆရာ/မများအပါအဝင် ပညာရေးဆိုင်ရာ ဝန်ထမ်းများအားလုံး နှစ်စဉ် ကလေးကာကွယ်စောင့်ရှောက်ရေး သဘောတူညီမှု ဖောင်များကို ဖြည့်စွက်လက်မှတ်ရေးထိုးရပါသည်။

**ဆက်လက်ရှိနေသော အခက်အခဲများ**

ကလေးများနှင့် မိဘများကို ကလေးကာကွယ် စောင့်ရှောက်ရေးနှင့် ကလေးအခွင့်အရေး သင်တန်းများပေးရန် လိုအပ်နေဆဲဖြစ်သည်။ ကျောင်းပြင်ပကလေးများ (OOSC) အား လေ့လာစောင့်ကြည့်ခြင်းကိုလည်း ပို၍အားကောင်းလာရန် လုပ်ဆောင်ရမည်။

## ကျောင်းစီမံခန့်ခွဲမှု

**အောင်မြင်မှု**

MLCs ကျောင်းများတွင် နှစ်စဉ် ငွေစာရင်း စစ်ဆေးခြင်းများ ပါဝင်သော တာဝန်ခံမှု လုပ်နည်းကိုင်နည်းများလည်း ရှိပါသည်။

**ဆက်လက်ရှိနေသော အခက်အခဲများ**

ကျောင်းကိုအခြေခံသော မှတ်တမ်း ထိန်းသိမ်းခြင်းနှင့် အချက်အလက်များအား စီမံခန့်ခွဲမှုကိုလည်း တိုးတက်မှုများ လုပ်ဆောင်ရန် လိုအပ်ပါသည်။

## မိဘဆရာပူးပေါင်းပါဝင်မှု

**အောင်မြင်မှု**

ကျောင်းတိုင်းတွင် မိဘများပါဝင်တက် ရောက်သော အလှည့်ကျ အစည်းအဝေး များရှိပါသည်။

**ဆက်လက်ရှိနေသော အခက်အခဲများ**

မိဘဆရာအသင်းအဖွဲ့များ (PTAs) တွင်လည်း ကုန်ကျစရိတ်များ မျှခံခြင်း ပဏာမခြေလှမ်း များနှင့် ဝင်ငွေဖန်တီးမှုစီမံကိန်းများ (IGPs) မှတဆင့် ဒေသအလိုက် လိုအပ်သော ငွေကြေးထောက်ပံ့မှုများ ရှာဖွေရာတွင် အခက်အခဲများကြုံတွေ့ရာ၌လည်း မတူညီသော အဆင့်အမျိုးမျိုးရှိကြသည်။

# EQF မိတ်ဖက်အဖွဲ့အစည်းများ

**Migrant Educational Co-ordination Center** (MECC)သည် တာ့ခ်ခရိုင်ပညာရေးဝန်ဆောင်မှုဧရိယာ ၂ အောက်တွင်ရှိသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ MECC မှ ကျောင်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ နှင့် အစိုးရအဖွဲ့များကြား ချိတ်ဆက်ပေါင်းကူးပေးသည်။ ရွှေ့ပြောင်းကျောင်းများသည် MECC ၏ အောက်တွင် စာရင်းသွင်းထားပြီးဖြစ်သည်။

**The Burmese Migrant Workers' Education Committee** (BMWEC) သည် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင်ရှိသော ရွှေ့ပြောင်းမိသားစုများအား ပံ့ပိုးပေးနေသော ဒေသတွင်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။ BMWEC သည် ၂၀၀၀ ခုနှစ်တွင် စတင်ခဲ့ပြီး၊ တာ့ခ်ခရိုင်အတွင်းရှိ ရွှေ့ပြောင်းကျောင်း ၂၃ ကျောင်းအားကြီးကြပ်ပေးနေသော အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ BMWEC အနေဖြင့် ကျန်းမာ၊ ပျော်ရွှင်ပြီး အနာဂတ်လုပသော ကျောင်းသားများ မွေးထုတ်ပေးနိုင်ရန်  ရွှေ့ပြောင်းကလေးငယ်များအား အရည်အသွေးပြည့်မီသောပညာရေး ပံ့ပိုးပေးနိုင်ရန် စိတ်အားထက်သန်လျှက်ရှိသည်။

**Help Without Frontiers Thailand Foundation** (HwF) သည် ဆင်းရဲနွမ်းပါးမှု၊ ခွဲခြားခံရမှုနှင့် အကြမ်းဖက်ခံရမှုများ၏ အဓိက ပြဿနာအရင်းအမြစ်ကို  ပညာရေး၊လူငယ်၊ကျန်းမာရေး၊ ကာကွယ်ရေး၊ ရေရှည်ရပ်တည်နိုင်မှုအတွက်ဒေသတွင်းလုပ်ကိုင်နိုင်စွမ်းများအသုံးပြုပြီး  တိုက်ထုတ်နိုင်ရန်ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုင်းမြန်မာနယ်စပ် တစ်လျှောက်တွင် ကလေးများ၊လူငယ်များ၊ နှင့် ၄င်းတို့၏ ဒေသအတွက် ပို၍ကောင်းမွန်သောအနာဂတ်ဖြစ်လာစေရန် အခွင့်အရေးများပေးပြီး ကူညီလုပ်ဆောင်ပါသည်။

**The Burmese Migrant Teachers' Association** (BMTA) သည် ဒေသတွင်းနှင့် နိုင်ငံတကာမှ ပညာရေး လုပ်ဆောင်သောသူများနှင့် ပူးပေါင်း၍လုံ့ဆော်ပေးခြင်းဖြင့် ဆရာများ၏အခွင့်အရေးများ မြင့်တက်လာအောင် လုပ်ဆောင်ပါသည်။ BMTA မှ စည်းလုံးမှုနှင့် ဆရာများ၏တန်ဖိုးကိုမြှင့်တင်ပေးနိုင်ရန် ဆရာအရည်အသွေး မြှင့်သင်တန်းနှင့် အုပ်ချုပ်မှုသင်တန်းများပေးခြင်းဖြင့် ဆရာများ၏ပုံရိပ်ကိုပိုမိုမြင့်တက်လာစေပါသည်။

**TeacherFOCUS Myanmar** (TFM) သည် မြန်မာနိုင်ငံပညာရေးစနစ်အပေါ်တွင်အခြေခံ၍ လုပ်ကိုင်နေရသော်လည်း မြန်မာဆရာများကဲ့သို့ အကျိုးခံစားခွင့်မရသောဆရာများ၏ အသိအမှတ်ပြုခံရမှု အတွက် သင့်တင့်လျှောက်ပတ်သော နည်းလမ်းများ မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်ပါသည်။ ကဏ္ဍအလိုက်အရည်အသွေးမြှင့်တင်မှုများ၊ မီဒီယာအခြေပြု ပြဿနာဖြေရှင်းခြင်းများ၊ နှင့် အချက်အလက်များအသုံးပြု၍ လုံ့ဆော်ပေးမှုများ အသုံးပြုပြီး ဆရာများအတွက် အကျိုးသက်ရောက်မှုရှိသော မြန်မာနိုင်ငံသို့ပြန်လည်ပေါင်းစည်းမှု အားမြှင့်တင်ပေးရန်ဖြစ်ပါသည်။







